ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်



လူထုစည်းရုံးရေးမှူးအမည် - ဦးရန်နောင်

လက်ထောက်နည်းပညာမှူးအမည် - ဒေါ်ခင်ဇာခြည်လင်း

အဘာစ်ကျေးရွာအုပ်စု၊ နီးမှုတ်ကျေးရွာ 2017 ခုနှစ်

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ


၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ ........ 3

၂။ နီးမှုတ်ကျေးရွာတည်နေရာပြမြေပုံ ........ 4

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ........ 5

၄။ ကျေးရွာအခြေခံအချက်အလက်များ ........ 5

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ........ 6

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ........ 8

၆.၁ အရင်းအမြစ်ပြမြေပုံ ........ 8

၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြပန်ကားချပ် ........ 8

၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း ........ 10

၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း ........ 11

၆.၅ ရာသီခွင်ပြဇယား ........ 12

၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု ........ 13

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ........ 14

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ........ 16

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁) ........ 17

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ........ 19

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ........ 20

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) ........ 21

၁၃။ အစည်းအဝေးမှတ်တမ်းများ ........ 22

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ ........ 24

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ........ 24

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ ........ 25

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ



MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Da Yei
Ka Lwi
Taw Ka Nar
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Chaungzon
Kha Yaik Thit
Mu Yit Gyi
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Hpan Hpa
Ku Lar Bi
Zee Kone
Wei Lan
Ka Yaik Du
Mu Yit Kalay
Se Pa Lar
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Yangon
Kayin
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair (GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ နီးမှုတ်ကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| အဘစ်ကျေးရွာအုပ်စု | အဘစ်ကျေးရွာ |
| | နီးမုတ်ကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - နီးမုတ်ကျေးရွာ

ကျေးရွာအုပ်စုအမည် - အဘစ်ကျေးရွာအုပ်စု

လူဦးရေ - ကျား - ၄၀၇၊ မ ၄၃၈၊ စုစုပေါင်း (၈၄၅) ဦး

အိမ်ထောင်စု - ၁၅၁ စု

တိုင်းရင်းသားလူမျိုးစု - မွန် ၊ ဗမာ

ပညာရေးအဆောက်အဦး - မူလတန်းကျောင်း(၁)၊ ကိုယ်ထူကိုယ်ထမူကြို(၁)ကျောင်း

ကျန်းမာရေးအဆောက်အဦး - မရှိ

လူမှုရေးအဆောက်အဦး - ဘုန်းကြီးကျောင်း (1) ကျောင်းနှင့် စေတီ (4) ဆူ

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာ၊ ရေလုပ်ငန်း၊ ရော်ဘာ

ကျေးရွာ၏ထူးခြားသည့် ဝိသေသ - အရှေ့ဘက်တွင် ပင်လယ်၊ တောင်ဘက်တွင် တောင်တန်း ရှိပါသည်။

ကျေးရွာထွက်ကုန်များ - ဆန်/စပါး၊လယ်ယာထွက်ကုန်များ၊ ရော်ဘာ၊ ရေထွက်ပစ္စည်း


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Social Map, Resources Map) | ၂၄-၁၂-၁၆ | ကျေးရွာလူထု | 8 | 8 | 16 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေးခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | ၂၄-၁၂-၁၆ | ကျေးရွာလူထု | 24 | 22 | 46 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေများ၊ ဥစ္စာခနေ ကြွယ်ဝမှုများ၊ ပိုင်ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၂၄-၁၂-၁၆ | ကျေးရွာလူထု | 49 | 52 | 101 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာအတွင်း ရာသီအလိုက် လုပ်ငန်းဆောင်တာများ၊ အသက်မွေးဝမ်းကြောင်းမှု အပြောင်းအလဲများကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေရသည့် မတူညီသည့် အခက်အခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၆-၁၂-၁၄ | ကျေးရွာလူထု | 37 | 42 | 79 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | ၂၆-၁၂-၁၄ | အမျိုးသား/ အမျိုးသမီး အုပ်စု | 29 | 38 | 67 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ပြဿနာသစ်ပင် (Problem Tree) | ၂၆-၁၂-၁၄ | အမျိုးသား/ အမျိုးသမီး အုပ်စု | 2 | 23 | 45 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများလုပ်ဆောင်ရာတွင် ကြုံတွေ့နေရသည့် လိုအပ်ချက်များ၊ အခက်အခဲများ၊ ပြဿနာများအား အကြောင်း၊ အကျိုးဆက်စပ်ဖြစ်တည်နေသည့် သဘောသဘာဝအား ပြဿနာသစ်ပင်နည်းလမ်းအား အသုံးပြု၍ဆွေးနွေးခြင်း။ |
| ၇ | ကျေးရွာ၏ (၅) နှစ်စာဦးစားပေးအစီအစဉ်ပြ ဇယား (Metric Ranking) | ၂၆-၁၂-၁၄ | ကျေးရွာလူထု | 34 | 56 | 90 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လက်ရှိကြုံတွေ့နေရသည့်အခက်အခဲ၊ ပြဿနာများ မှ နောင်လာမည့် (၅) နှစ်အတွင်းမိမိတို့ကျေးရွာများတွင် ဖွံ့ဖြိုးလာမည့်အသီးအပွင့်များ ကို မိမိတို့ကိုယ်တိုင် သိမြင်လာစေရန်နှင့် ကြိုတင်အစီအစဉ်ချရေးဆွဲ၍ ဦးစားပေး အစီအစဉ်အလိုက်လုပ်ဆောင်နိုင်ရန် (အနာဂတ်ရူပါရုံ) ဆွေးနွေးခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ




**နီးမှုတ်ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အဘာစ်ကျေးရွာအုပ်စု၊ နီးမှုတ်ကျေးရွာတွင် မြေသားလမ်း၊ မူလတန်းကျောင်း၊ မူကြိုကျောင်း၊ အားကစားကွင်း၊ စေတီ ၊ဘုန်းကြီးကျောင်း၊ ရေတွင်း စသည့် အရင်းအမြစ်များပိုင်ဆိုင်ကြသည်။ ကျေးရွာတွင် အများပြည်သူသုံး အဆောက်အဦးများမှာ ပြည့်စုံလုံလောက်မှု မရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာ၏အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ရေလုပ်ငန်း ဖြစ်သည်။ ပင်လယ်၏ ထွက်ကုန်ဖြစ်သော ငါးလုပ်ငန်း၊ သဲ၊ ကျောက် ရောင်းချသည့်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ပင်လယ်ပြင်နှင့်နီးသောကြောင့် ရေငန်များဝင်ရောက်ကာ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေပါသည်။ မိုးရွာသီတွင် လမ်းများမှာရေနစ်မြုပ်၍ သွားလာရေး အခက်အခဲများနှင့် လဲကြုံတွေ့နေရပါသည်။ အရင်းအမြစ်ပြမြေပုံဆွဲခြင်းအားဖြင့် ရွာလူထုအနေဖြင့် မိမိကျေးရွာအကြောင်း ပိုမိုသိရှိလာခြင်း၊ ရွာအတွင်းရှိ လိုအပ်ချက်များကို သိရှိလာခြင်း၊ ကျေးရွာအတွင်းရှိ အခြေခံအဆောက်အဦးများ၏ ပြုပြင်တိုးချဲ့ရမည့် အခြေအနေနှင့် အရင်းအမြစ်များအား သိရှိလာကြပါသည်။

လူထုဗဟိုပြုစီမံကိန်းပထမနှစ်တွင် မူလတန်းကျောင်းမျက်နှာကျက်ပြုပြင်ခြင်း၊ ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါသည်။


## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှုပြဇယားကားချပ်




### နီးမှုတ်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ သုံးသပ်ချက်

ကျေးရွာတွင်ရှိသော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်မှုအဖွဲ့၊ CDD ကော်မတီ၊ သွေးလှူရှင်အသင်း၊ နာရေးကူညီမှုအသင်း၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ၊ မြစိမ်းရောင်အဖွဲ့စသောအဖွဲ့အစည်းများရှိသည်။ ထိုအဖွဲ့အစည်းများသည် ကျေးရွာလူထုနှင့် ပိုမိုထိစပ်ကြသည်။ ကျေးရွာအတွင်း လွှမ်းမိုးမှုကြီးမားသော အဖွဲ့အစည်းမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ဖြစ်သည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သတ်ပြီး ကျေးရွာလူထုကိုစည်းရုံးခြင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း စသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းဖြစ်သည်။ ကျေးရွာလူထု၏ လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်ပေးနေသော ကျေးရွာပြင်ပအဖွဲ့အစည်းများမှာ ကျေးလက်ဦးစီးဌာန၊ စိုက်ပျိုးရေးဘဏ်ပညာရေးဌာန၊ ကျန်းမာရေးဌာန တို့ဖြစ်သည်။ သွေးလှူရှင်အသင်းနှင့် နာရေးကူညီမှု အသင်းတို့သည် ကျေးရွာလူထု၏ ကျန်းမာရေး၊ သာရေးနာရေးများတွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်၍ ကူညီ ဆောင်ရွက်ပေးသော အဖွဲ့အစည်းဖြစ်သည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် |
|---|---|---|
| ချမ်းသာသော အုပ်စု | လယ်ကော (၅)ဧကအထက်၊ ရော်ဘာခြံ (၅) ဧကအထက်၊ လယ်ယာသုံးပစ္စည်း၊ TV၊ ဆိုင်ကယ်၊ နှစ်ထပ်တိုက်အိမ်၊ သစ်အိမ်ကောင်း၊ နွား၊ ကျွဲ၊ [illegible]၊ လှေကြီး | ၁၅ |
| အလယ်အလတ် အုပ်စု | လယ်ကော (၅) အထက်၊ ဈေးဆိုင်၊ ပျဉ်ထောင်အိမ်၊ TV၊ ကျွဲ၊ နွား၊ ဆိုင်ကယ်၊ [illegible]၊ လှေသေး | ၄၆ |
| နွမ်းပါး အုပ်စု | ငါးဖမ်း၊ ကျဘမ်း၊ ဝါးအိမ်၊ စက်ဘီး၊ [illegible] | ၉၀ |


**နီးမှုတ်ကျေးရွာ၏ ဓနအင်အားအဆင့် သတ်မှတ်ချက်**

နီးမှုတ် ကျေးရွာတွင် အိမ်ထောင်စု (၁၅၁) စု ရှိသည်အနက် လယ် (၅) ဧကနှင့်အထက်၊ ရော်ဘာခြံ (၅) ဧကနှင့် အထက်၊ လယ်ယာသုံးပစ္စည်း၊ ဆိုင်ကယ်၊ နှစ်ထပ်တိုက်အိမ်၊ သစ်အိမ်ကောင်းကောင်း၊နွား၊ ကျွဲ၊ ဆိုင်ကယ်၊ လှေကြီးများကို ပိုင်ဆိုင်သောအဆင့်သတ်မှတ်ချက် (က) ဖြစ်သည့် ချမ်းသာသောအိမ်ထောင်စု (၁၅) စု ရှိပါသည်။

လယ် (၅) ဧကနှင့်အထက်၊ ဈေးဆိုင်၊ ပျဉ်ထောင်အိမ်၊ ကျွဲ၊ နွား၊ ဆိုင်ကယ်၊ လှေသေးများကို ပိုင်ဆိုင်သော အဆင့်သတ်မှတ်ချက် (ခ) ဖြစ်သည့် အသင့်အတင့်ကြွယ်ဝသော အိမ်ထောင်စု (၄၆) စု ရှိပါသည်။

ဝါးအိမ်၊ စက်ဘီးများပိုင်ဆိုင်ပြီး ဝမ်းရေးအတွက် ငါးဖမ်းသောအလုပ်၊ ကြုံရာ ကျဘမ်းအလုပ်များကို လုပ်ကိုင်စားသောက် နေရသော အဆင့်သတ်မှတ်ချက် (ဂ) ဖြစ်သည့် နွမ်းပါးသော အိမ်ထောင်စု (၉၀) စု ရှိပါသည်။ ၎င်းအိမ်ထောင်စုသည် အရင်းအနှီးမရှိ၍ ငွေတိုးယူ၍ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြသည်။ ငွေချေး ရာတွင် အတိုးကြီးသောကြောင့် အတိုးရော‌အရင်းပါ ပြန်မဆပ်နိုင်ဘဲ ဆင်းရဲသံသရာမှ မလွတ်မြောက်နိုင် ဖြစ်နေကြောင်းသိရသည်။ သားသမီးများ၏ ကျန်းမာရေးချို့တဲ့ခြင်းကြောင့်လည်း ဆင်းရဲမှုဒဏ်ကို ခံစားနေ ရသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း




### နီးမှုတ်ကျေးရွာ ပင့်ကူအိမ် သုံးသပ်ခြင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အသာစ်ကျေးရွာအုပ်စု၊ အသာစ်ကျေးရွာ၏ အမျိုးသား၊ အမျိုးသမီး များ၏ အခန်းကဏ္ဍအား အချက် (၁၀) ချက်ဖြင့် လေ့လာဆန်းစစ်ခဲ့ပါသည်။

အလုပ်အကိုင်အခွင့်အလမ်း၊ ခေါင်းဆောင်မှု၊ ဝင်ငွေရရှိမှု၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ လုံခြုံမှု၊ ပညာသင်ကြားခွင့်၊ ရပ်ရွာအရေးကိစ္စများတွင်ဆုံးဖြတ်ချက်ချနိုင်ခွင့်၊ အရင်းအမြစ်များကိုစီမံခန့်ခွဲအသုံးပြုခွင့်၊ ရပ်ရွာအရေးကိစ္စများတွင်ပါဝင်ခွင့်တို့တွင် အမျိုးသမီးများထက် အမျိုးသားများမှ ဦးဆောင်လှုပ်ရှား ဆောင်ရွက်ခွင့်များ ပိုမိုရရှိနေပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများသည် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အိမ်မှုကိစ္စများဦးဆောင်လုပ်ကိုင်နေရခြင်း၊ ရှေးရိုးဆွဲအယူအဆများ အိမ်မှုကိစ္စများနှင့် အချိန်ကုန်နေခြင်းကြောင့်

ဝင်ငွေရှာဖွေရေးအလုပ်လုပ်ကိုင်မှု နည်းပါးသွားပြီး အမျိုးသားများ၏ဝင်ငွေကို အားကိုးနေရပြီး အမျိုးသားများ၏ ဦးဆောင်မှုကို ခံနေရပါသည်။

## ၆.၅ ရာသီခွင်ပြဇယား



### နီးမှုတ်ကျေးရွာ၏ ရာသီခွင်ပြ ဇယားသုံးသပ်ချက်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ နီးမှုတ်ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများသည် မိုးများသောလများ ဖြစ်ကြသည်။ ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်၍ ရေလွှမ်းမိုးခြင်းကြောင့် ဗွက်များထကာ လမ်းပျက်စီးနေပါသည်။ ကျေးရွာ၏အသက်မွေးလုပ်ငန်းသည် ရေလုပ်ငန်းဖြစ်၍ တစ်နှစ်ပါတ်လုံး လုပ်ကိုင်စားသောက်ကြသည်။ နတ်တော်၊ ပြာသို၊ တပို့တွဲလများသည် သားငါးဖမ်းစီးမှုလွယ်ကူ၍ ဝင်ငွေရရှိမှုများသောလများဖြစ်သည်။ ရေလုပ်ငန်းတွင် အိမ်ထောင်စု (၆၀) စုခန့် လုပ်ကိုင်ကြပြီး အမျိုးသမီး ပါဝင်မှု (၃၀%) ရှိပါသည်။


လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် အိမ်ထောင်စု (၃၁) စုခန့် လုပ်ကိုင်ကြပြီး အမျိုးသမီးပါဝင်မှု (၆၀%) ပါဝင်သည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင်ကြုံတွေ့နေရသော အဓိကပြဿနာများမှာ ရေကြီးနစ်မြုပ်ခြင်း၊ ရေငန်တားတမံမရှိခြင်း၊ မြေဆီလွှာများပျက်စီးခြင်၊ မျိုးကောင်းမျိုးသန့်များလိုအပ်ခြင်း၊ အလုပ်သမားဗ္ဗားခဈေးနှုန်း ကြီးမြင့်ခြင်းများ ဖြစ်ကြောင်းသိရသည်။

ရော်ဘာ လုပ်ငန်းတွင် အိမ်ထောင်စု (၂၀) စုခန့်လုပ်ကိုင်ကြပြီး အမျိုးသမီး ပါဝင်မှု (၂၀%) ခန့်ရှိသည်။ ရော်ဘာလုပ်ငန်းတွင် ဈေးနှုန်းကျဆင်ခြင်း၊ အလုပ်သမား ဗ္ဗားခဈေးနှုန်း ကြီးမြင့်ခြင်းစသည့် ပြဿနာများနှင့်

ကြုံတွေ့နေရသည်။ ဝမ်းရေးအတွက် ကြုံရာကျဘမ်း လုပ်နေရသော အိမ်ထောင်စု (၄၀) စုခန့်ရှိပြီး အမျိုးသမီး ပါဝင်မှု (၆၀%) ရှိပါသည်။

မိုးရာသီကာလဖြစ်သော ဝါဆို၊ ဝါခေါင်လများတွင် တုပ်ကွေးရောဂါ ဖြစ်တတ်သည်။ ကလေးငယ်များ အနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ကြောင်းသိရသည်။ တပေါင်း၊ တခူးလများတွင် သောက်သုံးရေ ရှားပါးခြင်းအခက်အခဲကို ခံစားကြရသည်။ နတ်တော်၊ ပြာသို၊ တပေါင်းလများတွင် ပွဲတော်များ ကျင်းပကြသည်။

## ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



### နီးမှုတ်ကျေးရွာ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်

ကျေးရွာရှိအဓိကအရင်းအမြစ်များမှာ စာသင်ကျောင်း၊ လမ်း၊ ရေတွင်း၊ တံတား၊ လယ်ယာမြေ၊ ရော်ဘာခြံ၊ ချောင်း၊ မြောင်း၊ စာသင်ကျောင်း၊ မူကြိုကျောင်းတို့ဖြစ်ကြပြီး ၄င်းအရင်းအမြစ်များ အားလုံးကို အမျိုးသား၊ အမျိုးသမီးအားလုံး အသုံးပြုကြသည်ကိုတွေ့ရှိရသည်။ လမ်း၊ တံတား၊ များပြုပြင်ရာတွင် အမျိုးသား များသည် ဦးဆောင်ပြုပြင်သူများဖြစ်ကြပြီး ကျန်သည့်အရင်းအမြစ်များ ပြုပြင်မှု၊ အသုံးပြုမှု၊ ဆုံးဖြတ်ချက်ချမှုနှင့် ပါတ်သတ်၍ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများနှင့်အတူတူ ဆွေးနွေးတိုင်ပင်၍ ပူးပေါင်းဆောင်ရွက် ကြပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ









## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး | | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ဦးအောင်ဇေ | ကျေးရွာ စီ/ထောက် | ဥက္ကဋ္ဌ | ၀၉-၂၅၅၇၅၉၂၄၀ |
| ၂ | ဒေါ်သန်းချစ် | ကျေးရွာ စီ/ထောက် | ဥက္ကဋ္ဌ | ၀၉-၂၆၃၄၂၆၆၁၃ |
| ၃ | ဦးချိုလွင် | ကျေးရွာ စီ/ထောက် | ကိုယ်စားလှယ် | ၀၉-၉၆၈၂၈၀၂၆၆ |
| ၄ | ဦးအောင်မိုး | ဝယ်ယူရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ၀၉-၂၅၅၇၅၉၂၄၀ |
| ၅ | ဒေါ်သန်းသန်းဝင်း | | အဖွဲ့ဝင် | ၀၉-၂၆၅၄၂၆၆၁၅ |
| ၆ | ဒေါ်လှလှထွေး | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ၀၉-၂၅၅၉၆၄၉၉၄ |
| ၇ | ဦးမြင့်နိုင် | | အဖွဲ့ဝင် | ၀၉-၂၅၅၇၅၉၂၄၄ |
| ၈ | ဒေါ်သန်းသန်းဝင်း | လုပ်ငန်းလည်ပတ် ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ၀၉-၂၅၅၉၆၅၀၁ |
| ၉ | ဦးအောင်သန်း | | အဖွဲ့ဝင် | ၀၉-၂၅၅၇၉၀၄၂၉ |
| ၁၀ | ဦးစိုးဝင်း | အကြံပြုကိုယ်စားလှယ် | | ၀၉-၂၅၅၇၅၂၂၄၀ |
| ၁၁ | ဒေါ်တင်ကြည် | အကြံပြုကိုယ်စားလှယ် | | ၀၉-၂၆၃၄၂၆၆၁၃ |
| ၁၂ | ဒေါ်စန်းစန်းလွင် | ကျေးရွာငွေစာရင်းကိုင် | | ၀၉-၂၆၂၅၃၀၇၂၂ |
| ၁၃ | ဦးမောင်စိန် | ကျေးရွာစေတနာ့ဝန်ထမ်း | | ၀၉-၂၆၅၆၃၈၇၀၉ |
| ၁၄ | ဒေါ်စန်းဝင်း | ကျေးရွာစေတနာ့ဝန်ထမ်း | | ၀၉-၂၅၂၉၃၇၁၆၈ |

## ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)

များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး:မြင့်သောင်း | 09255955907 | ဦး:[illegible] |


| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ချင်း | [illegible] | အဘစ်နီး:မှတ် | နီး:မှတ် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ချင်း--- | 151 | ဘာသာ (၁) ---[illegible]--- | 151 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 7 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 43 | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 407 | 438 |
| လူမျိုးစု (၁)---ချင်း--- | 407 | 438 |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 123 | 28 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ



| | | | | | |
|---|---|---|---|---|---|
| [illegible] | ✓ | [illegible] | | ရှင်သာနံကျောင်း | ☐ |
| မူကြိုကျောင်း | ✓ | ဆေးပေးခန်း | ☐ | ဓလီ | ☐ |
| အခြား | ☐ | အခြား | ☐ | ဓလီ | ☐ |
| | | | | အခြား | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း (ကတ္တရာလမ်း) ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ________


(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဝပို့ပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ် ၂၀၁၃/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး



ငြိမ်းချမ်း

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ..............................

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ..............................

(၂) ..............................

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် ..............................

လက်မှတ် .............................. နေ့စွဲ 10.12.2016

လူထုစည်းရုံးရေးမှူး အမည် ..............................

လက်မှတ် .............................. နေ့စွဲ 10.12.2016

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)



ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ...

အမည် ..............................

နေ့စွဲ 23.12.2016

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

... ..... မြို့နယ် ..... ကျေးရွာအုပ်စု ..... ကျေးရွာ .....

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ... စီမံကိန်း မိတ်ဆက်အစည်းအဝေး | 23.12.2016 | 23.12.2016 | 40 | 45 | 85 | 85 |
| ၂။ ... ဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 24.12.2016 | 24.12.2016 | 30 | 51 | 81 | 81 |
| ၃။ ... အုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 12.1.2017 | 12.1.2017 | 15 | 16 | 31 | 31 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး ... သည့် အစည်းအဝေး | 1.3.2017 | 1.3.2017 | 45 | 50 | 95 | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၇။ ... စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ... ရေးဆွဲခြင်း | | | | | | |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက် အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အဆောက်အအုံ ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်အောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးရန်နောင် | | | |
| နေ့စွဲ - ၂၄. 12. 16 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) √ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း - မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု အဘစ် | ကျေးရွာ နီးမှုတ် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)


| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းမကောင်းခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲ | ၁ | လမ်းမကောင်းသဖြင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲ |
| ၂ | ရေရှားခြင်း [illegible] သောက်သုံးရေ ရှားပါးသဖြင့် အခက်အခဲ | ၂ | ရေရှားခြင်း [illegible] သောက်သုံးရေ ရှားပါး၍ အခက်အခဲ |
| ၃ | ဆေးပေးခန်း မရှိသောကြောင့် ကျန်းမာရေး အခက်အခဲ | ၃ | ဆေးပေးခန်း မရှိသောကြောင့် ကျန်းမာရေး အခက်အခဲ |
| ၄ | စာကြည့်တိုက် မရှိသဖြင့် ကျေးရွာလူထု စာပေ [illegible] အခက်အခဲ | ၄ | စာကြည့်တိုက် မရှိသဖြင့် ကျေးရွာလူထု စာပေ [illegible] အခက်အခဲ |
| ၅ | ကလေးများအတွက် ပညာသင်ကြားရေး [illegible] လုံလောက်မှု မရှိသဖြင့် အခက်အခဲ | ၅ | ကလေးများအတွက် ပညာသင်ကြားရေး [illegible] လုံလောက်မှု မရှိသဖြင့် အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ကျေးရွာဖြစ်လာရမည်။ | ၁ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ကျေးရွာဖြစ်လာရမည်။ |
| ၂ | သောက်သုံးရေ လုံလောက်စွာရရှိသော ကျေးရွာဖြစ်လာရမည်။ | ၂ | သောက်သုံးရေ လုံလောက်စွာရရှိသော ကျေးရွာဖြစ်လာရမည်။ |
| ၃ | ဆေးပေးခန်းရှိသော ကျေးရွာဖြစ်လာရမည်။ | ၃ | ဆေးပေးခန်းရှိသော ကျေးရွာဖြစ်လာရမည်။ |
| ၄ | ကောင်းမွန်သော စာသင်ကျောင်း ရှိလာရမည်။ | ၄ | ကောင်းမွန်သော စာသင်ကျောင်းများ ရှိလာရမည်။ |
| ၅ | စာကြည့်တိုက်ရှိသော ကျေးရွာဖြစ်လာရမည်။ | ၅ | စာကြည့်တိုက်ရှိသော ကျေးရွာဖြစ်လာရမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မြေသားလမ်း [illegible] ခင်းခြင်း | ကျား + မ | 13800000 | 845 |
| ၂ | ရေရရှိရေးလုပ်ငန်း (ဘိစီ၊ ရေမိုက်၊ ရေကန်) | ကျား + မ | 6500000 | 845 |
| ၃ | စာကြည့်တိုက် တည်ဆောက်ခြင်း | ကျား + မ | 9000000 | 845 |
| ၄ | စာသင်ကျောင်း ပြုပြင်ခြင်း | ကျား + မ | 65000000 | 845 |
| ၅ | ဆေးပေးခန်း တည်ဆောက်ခြင်း | ကျား + မ | 9000000 | 845 |




ယား လူထုစီမံကိန်းခံ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆိုင်ကယ်ပြင်သင်တန်း | ကျား | |
| ၂ | ဆံပြင်တာသင်တန်း | ကျား+မ | |
| ၃ | စိုက်ပျိုးရေးသင်တန်း | ကျား+မ | |
| ၄ | စက်ချုပ်သင်တန်း | မ | |
| ၅ | ဖုန်းပြင်သင်တန်း | ကျား+မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ..................... လက်မှတ် ..................... နေ့စွဲ 24.12.2016

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)



ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

...လုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ...မည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ...ကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

...အမည် ဦးရန်နောင်

မြို့နယ် ချောင်းဆုံ

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ကျေးရွာအုပ်စု အဘစ်

| | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| အဘစ် | မြေသားလမ်းမှ ကွန်ကရစ်လမ်းခင်းခြင်း | 500'x10'x6" | | ☐ ကျား ☐ မ ☑ ကျား+မ | 6,300,000 | – | – | | 6,300,000 |
| အဘစ် | စက်ရေတွင်းတူးဖော်ခြင်း + အင်ဂျင် + ဂါလံ (3500) ရေလှောင်ကန် + ရေပိုက်သွယ်တန်းခြင်း | 14'x10'x4' 1200' ရေပိုက် | | ☐ ကျား ☐ မ ☑ ကျား+မ | 5,200,000 | – | – | | 5,200,000 |
| နီးမှုတ် | ကွန်ကရစ်လမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်း | 950'x10'x6" 16'x4'x2'6" | | ☐ ကျား ☐ မ ☑ ကျား+မ | 13,800,000 | – | – | | 13,800,000 |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | | |

.../ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ............ လက်မှတ် ............ ရက်စွဲ

## ၁၃။ အစည်းအဝေးမှတ်တမ်းများ

**အစည်းဝေးမှတ်တမ်း**

**ကျေးရွာအမည်** - **နှီးမှုတ်ကျေးရွာ**
**ကျေးရွာအုပ်စု** - **အဘစ်နှီးမှုတ်**
**ရက်စွဲ** - **23.12.2016**
**အချိန်** - **11:00 နာရီ 3:00 နာရီ**
**အကြောင်းအရာ** - **ပထမအကြိမ်**
**အစီရင်ခံတင်ပြသူ** - **ဦးရန်နောင် (CF)**
**ဦးဆောင်ဆွေးနွေးသူ - ဦးရန်နောင်၊ ဦးဟိန်းထက်အောင်၊ ဒေါ်မိုးမြင့်၊ ဒေါ်ခင်ဇာရည်လင်း**

အဘစ်နှီးမှုတ်ကျေးရွာအုပ်စု နှီးမှုတ်ကျေးရွာတွင် (၂၃.၁၂.၂၀၁၆) ရက်နေ့ (၁၁:၀၀) နာရီတွင် ပထမအကြိမ်အစည်းဝေးကို စတင်ပြုလုပ်ခဲ့ပါသည်။ အိမ်ထောင်စု (၈၅) ဦးတက်ရောက်ခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူမှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ပထမနှစ်စီမံကိန်း ပြီးဆုံးသွားပြီးဖြစ်၍ ဒုတိယနှစ်စီမံကိန်းစတင် အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ကျေးရွာဖွံ့ဖြိုးရေးကို အဓိကထားလုပ်ဆောင်သော လုပ်ငန်းဖြစ်ပြီး တစ်ဦးတစ်ယောက်တည် လုပ်ဆောင်လို့ရသော လုပ်ငန်းမဟုတ်သောကြောင့် စုစည်းပြီးလုပ်ဆောင်ရမည်ဖြစ်ကြောင်း လူတိုင်းတွင်တာဝန်ရှိပါကြောင်း လူဟောင်းနှင့်လူသစ် ပူးပေါင်းလုပ်ဆောင်ကြစေလိုကြောင်း ရွာသူရွာသားများမှလည် ကျေးရွာ၏ အမှန်တကယ် လိုအပ်ချက်များကိုသာ တင်ပြစေလိုကြောင်း ကော်မတီရွေးချယ်ရာတွင်လည် အမှန်တကယ် လုပ်ကိုင်နိုင်သော လူကိုသာရွေးချယ်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

စီမံကိန်းမိတ်ဆက် (၁၅)ချက် ကို ဦးရန်နောင်မှ တင်ပြဆွေးနွေးခဲ့သည်။ စီမံကိန်းစက်ဝန်း အပိုင်း(၆)ပိုင်း ကို တင်ပြဆွေးနွေးခဲ့သည်။ အဓိကပါဝင်သူများ၏ အခန်းကဏ္ဍကို ဦးဟိန်းဆက်အောင်မှ တင်ပြဆွေးနွေးခဲ့သည်။ ထို့နောက် စေတနာ့ဝန်ထမ်းရွေးချယ်ရန်အတွက် စေတနာ့ဝန်ထမ်း၏ တာဝန်ဝတ္တရားများကို ရှင်းပြခဲ့သည်။ စေတနာ့ဝန်ထမ်း (၂) ဦး

တက်ရောက်လာသူများအား အဖွဲ့(၃)ဖွဲ့ခွဲပြီး PRA Tools သုံးသပ်ခဲ့ပြီး ပြန်လည်တင်ပြဆွေး နွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုနောက်တက်ရောက်လားသူများအား ကျေးဇူးတင်စကားပြောကြာပြီး အစည်းဝေးကို ညနေ (၃:၀၀) အချိန်တွင် ပိတ်သိမ်းခဲ့ပါသည်။

***မှတ်တမ်းတင်သူ***
ဦးကိုကို

## အစည်းဝေးမှတ်တမ်း

ကျေးရွာအမည် - နီးမှုတ်ကျေးရွာ
ကျေးရွာအုပ်စု - အဘာစ်နီးမှုတ်
ရက်စွဲ - 24.12.2016
အချိန် - 11:00 နာရီ 3:00 နာရီ
အကြောင်းအရာ - ဒုတိယအကြိမ်အစည်းအဝေး
အစီရင်ခံတင်ပြသူ - ဦးရန်နောင် (CF)
ဦးဆောင်ဆွေးနွေးသူ - ဦးရန်နောင်၊ ဦးဟိန်းထက်အောင်၊ ဒေါ်မိုးမြဝင်း၊ ဒေါ်ခင်ဇာရှည်လင်း

အဘာစ်နီးမှုတ်ကျေးရွာအုပ်စု ၊ နီးမှုတ်ကျေးရွာ (24.12.16) ရက်နေ့တွင် ဒုတိယအကြိမ်အစည်းဝေးကိုနေ့လယ် (၁၁း၀၀) နာရီတွင် ပြုလုပ်ခဲ့ပါသည်။ အိမ်ထောင်စု (၈၁) စု တက်ရောက်ခဲ့ပါသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး အဖွင့်အမှာစကားပြောကြားခဲ့သည်။ အမျိုးသား အမျိုးသမီးနှစ်ဖွဲ့ခွဲပြီး အခက်အခဲပြဿနာ၊ မျှော်မှန်းချက် ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ထုတ်ဆွေးနွေးခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ရွေးချယ်ရာတွင် အမှန်တကယ်လိုအပ်ချက်များကိုသာ တင်ပြဆွေးနွေးပေးကြရန် ဆွေးနွေးခဲ့သည်။လမ်းအဆင့်မြှင့်တင်ခြင်း၊ ပေါင်းကူးတံတားတည်ဆောက်ခြင်း၊ စက်ရေတွင်းတူးဖေါ်ခြင်း၊ စာကြည့်တိုက်တည်ဆောက်ခြင်း၊ မူကြိုကစားကွင်းပြုပြင်ခြင်းစသည့် ကျေးရွာဦးစားပေးလုပ်ငန်းများကို ကျေးရွာလူထုမှ တင်ပြရွေးချယ်ခဲ့ကြသည်။ ထို့နောက် ကော်မတီဝင်များရွေးချယ်ရာတွင် ကျေးရွာလူထုမှအဆိုပြုသော ကော်မတီဝင်(၁၄)ဦး ရွေးချယ်ခဲ့ပါသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး အစည်းဝေးတက်ရောက်လာသူများအား ကျေးဇူးတင်စကားပြောကြားပြီး အစည်းဝေးကို ညနေ (၃း၀၀)တွင်ပြီးဆုံးခဲ့သည်။

မှတ်တမ်းတင်သူ

ဦးကိုကို

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား၊မ | ရေအရင်းအမြစ်မလုံလောက်သောကြောင့်သောက်သုံးရေအခက်အခဲ |
| ၂ | ကျား၊မ | လမ်းတံတားများမကောင်းသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း |
| ၃ | ကျား၊မ | ဆေးပေးခန်းမရှိခြင်းကြောင့် အလွယ်တကူကျန်းမာရေးစောင့်ရှောက်မှုမခံယူနိုင်ခြင်း |
| ၄ | ကျား၊မ | စာကြည့်တိုက်မရှိသည့်အတွက် ဗဟုသုတနည်းခြင်း |
| ၅ | ကျား၊မ | စာသင်ကျောင်းအမိုးအကာများမရှိခြင်းကြောင့် ကလေးများအတွက်အဆင်မပြေခြင်း |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား၊မ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောရွာဖြစ်ရမည် |
| ၂ | ကျား၊မ | သောက်သုံးရေလုံလောက်ပြီး ကျန်းမာသန့်ရှင်းရေ ရရှိလာမည် |
| ၃ | ကျား၊မ | ဆေးပေးခန်းရှိပြီး ကျန်းမာရေးစောင့်ရှောက်နိုင်သောရွာဖြစ်ရမည် |
| ၄ | ကျား၊မ | ကျေးရွာစာကြည့်တိုက်ရှိလာမည် |
| ၅ | ကျား၊မ | ကျောင်းအင်္ဂါရပ်နှင့်ပြည့်စုံသော စာသင်ကျောင်းများရှိလာမည် |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်း သင်တန်းများ | ၁ | ဆိုင်ကယ်ပြင်သင်တန်း | ကျား | | |
| | ၂ | ကွန်ပြူတာသင်တန်း | ကျားမ | | |
| | ၃ | စိုက်ပျိုးရေး | ကျားမ | | |
| | ၄ | စက်ချုပ်သင်တန်း | မ | | |
| | ၅ | ဖုန်းပြင်သင်တန်း | ကျား | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်းနှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။